# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်။
(၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၉။]

### နိဒါန်း

တိုင်းရင်းသား လုပ်သားပြည်သူများ မျှော်မှန်းခဲ့ကြသော သာယာဝပြောသည့် ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက်နိုင်ရေးအတွက် ပြည်သူအပေါင်း၏ ဆန္ဒသဘောထားကို ခံယူကာ ယင်းတို့ကိုယ်တိုင်ပါဝင်၍ အကြံပေးရေးဆွဲခြင်းပြုခဲ့သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တတိယမူကြမ်းအဆင့်သို့ရောက်ရှိပြီး ဖြစ်ပေသည်။ ဤမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက အောက်တွင်ဖော်ပြသော ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁

### အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ

အမည်နှင့် အာဏာတည်သည့် နေ့ရက်

၁။ (၁) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတဝန်းလုံး၌ ချက်ချင်းအာဏာတည်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ

၂။ ဤဥပဒေနှင့် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်၊

၁။ **ဤဥပဒေ** ဆိုသည်မှာ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေကိုဆိုသည်။

၂။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ** ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းရေးအတွက် ကျင်းပသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကိုဆိုသည်။

၃။ **ကော်မီရှင်** ဆိုသည်မှာ ပြည်လုံးကျွတ် **ဆန္ဒခံယူပွဲကျင်းပရေး** ကော်မီရှင်ကို ဆိုသည်။

၄။ **ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မီရှင်၏ ပြည်နယ်၊ သို့မဟုတ် တိုင်းအဖွဲ့ခွဲကို ဆိုသည်။

၅။ **မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မီရှင်၏ မြို့နယ်အဖွဲ့ခွဲကို ဆိုသည်။

၆။ **ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မီရှင်၏ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအဖွဲ့ခွဲကို ဆိုသည်။

၇။ **နိုင်ငံသား** ဆိုသည်မှာ တည်ဆဲဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ပြီးသူများကို ဆိုသည်။

၈။ **သာသနာ့ဝန်ထမ်းဆိုသည်မှာ—**

(က) ဗုဒ္ဓဘာသာဝင်များအတွက် ဖြစ်လျှင်၊ ဗုဒ္ဓ သာသနာတော်ဝင်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

**ရှင်းလင်းချက်။** ။သာသနာ့ဝန်ထမ်းများဟု ဆိုရာ၌ သာသနာရေး ဆိုင်ရာရဟန်း၊ သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူများ နှင့်လည်း ထိုသို့ခံယူဆဲကာလအဖို့ သက်ဆိုင်စေရမည်။

(ခ) ခရစ်ယာန် ဘာသာဝင်များအတွက် ဖြစ်လျှင် သာသနာ့ဝန်ကိုထမ်း ဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသော ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန် အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော၊ သို့မဟုတ် တာဝန် ပေးထားခြင်းခံရသော ပုဂ္ဂိုလ်တို့ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်သော ဘာသာအရ၊ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့်၊ သို့မဟုတ် အဓိဋ္ဌာန် ပြုချက်ဖြင့် စည်းရုံး ထားသော ပုဂ္ဂိုလ်တဦးတွင်၊ သို့မဟုတ် အသင်းအစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေဆိုသည်။

(ဂ) ဟိန္ဒူဘာသာဝင်များအတွက် ဖြစ်လျှင် စံယာစီ၊ မဟန့်၊ သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးတို့ကိုဆိုသည်။

၉။ **ဆန္ဒခံယူပွဲဒေသ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်အတွက် ဆန္ဒ မဲပေးရန်ကော်မီရှင်က သတ်မှတ်ပေးသောရပ်ကွက်၊ သို့မဟုတ် ကျေးရွာ အုပ်စုကိုဆိုသည်။

၁၀။ **မဲစာရင်း** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန်အတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ စာရင်းကိုဆိုသည်။

၁၁။ **မဲရုံအဖွဲ့** ဆိုသည်မှာ ဆန္ဒခံယူပွဲဒေသတခုအတွင်းရှိ မဲရုံတရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကိုဆိုသည်။

၁၂။ **မဲရုံမှူး** ဆိုသည်မှာ သက်ဆိုင်ရာကော်မီရှင်အဖွဲ့ခွဲက ခန့်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကိုဆိုသည်။

၁၃။ **ပယ်မဲ** ဆိုသည်မှာ—

(က) ပြဋ္ဌာန်းထားသည့် အမှတ်အသား မပါသော ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်၊

(ခ) လိမ်လည်ထားသော ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ဖြစ်သည်ဟု မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်၊

(ဂ) မဲပုံးထဲသို့မထည့်ပဲထားခဲ့သော ဆန္ဒမဲပြား၊

(ဃ) ချိုးဖဲ့ဖျက်ဆီး၍ မဲပုံးထဲသို့ ထည့်ထားသည်ဟု မဲရုံအဖွဲ့မှ ယူဆသော ဆန္ဒမဲပြား၊

(င) ပြဋ္ဌာန်းထားသည့် အမှတ်အသားမှအပ အခြားအမှတ်အသားများ ရေးသားထားသော ဆန္ဒမဲလက်မှတ်၊ သို့မဟုတ် ဆန္ဒမဲပြား တို့ကို ဆိုသည်။

## အခန်း ၂

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်း

*ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ကျင်းပခြင်း*

၃။ ။(၁) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော်မီရှင်က သတ်မှတ်သည့်ကာလအတွင်း အပြီးကျင်းပရမည်။

*ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲ ကျင်းပမည့် နေ့ရက်၊ ဆန္ဒခံယူပွဲဒေသနှင့် မဲစာရင်းတို့ကို ကြိုတင်ကြေညာခြင်း။*

၄။ ။(၁) ကော်မီရှင်က ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမည့် နေ့ရက်ကို အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

(၂) မြို့နယ်ကော်မီရှင် အဖွဲ့ခွဲများ၊ ရပ်ကွက်ကော်မီရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန်အတွက် မိမိတို့၏ဆန္ဒခံယူပွဲဒေသအလိုက်မဲရုံနှင့်ယင်းမဲရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ၁၀ ရက်ကြိုတင်ကြေညာရမည်။

## အခန်း ၃

## ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

**ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲများဖွဲ့စည်းခြင်း**

၅။ (၁) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မီရှင်တရပ်ကို သင့်လျော်သော နိုင်ငံသားများ ပါဝင်စေလျက် လိုအပ်သော အရေအတွက်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ကြေညာချက်ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

(၂) ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းသော ကော်မီရှင်သည် အောက်ပါကော်မီရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၁။ ပြည်နယ်၊ သို့မဟုတ် တိုင်းတခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲတခု။

၂။ မြို့နယ်တခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ တခု။

၃။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု တခုလျှင် အဖွဲ့ဝင် ၉ ဦးမှ ၁၅ ဦး အထိပါဝင်သော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲ တခု။

## အခန်း ၄

## ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ကော်မီရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ကော်မီရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို ကျင်းပခြင်း၊

၂။ ကော်မီရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

၃။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရန်အတွက် ဆန္ဒခံယူပွဲ ဒေသများကို သတ်မှတ်ကြေညာခြင်း၊

၄။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ကာလသတ်မှတ်ပေးခြင်း။

၅။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် ပတ်သက်သော စာရင်းဇယား ပြုစုရေးအတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

၆။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများက အသုံးပြုမည့်ပုံစံများ၊ တံဆိပ်များ၊ ဆန္ဒမဲပြားများ၊ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

၇။ ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်နယ်၊သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲအသီးသီးသို့ ထုတ်ပေးခြင်း၊

၈။ နိုင်ငံခြားရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှတဆင့် သက်ဆိုင်ရာ သံရုံးအကြီးအကဲ၊ သို့မဟုတ် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံး အကြီးအကဲသို့ ပေးပို့ခြင်း၊

၉။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြီးဆုံးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ၊ ထောက်ခံသည့် ဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းနှင့် ကြေညာခြင်း၊

၁၀။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများနှင့် စပ်လျဉ်းသည့် အခြား လိုအပ်သောကိစ္စများကိုဆောင်ရွက်ခြင်း။

**ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။**

၇။ ။ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

၁။ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲများ၏ လုပ်ငန်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

၂။ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များကို ကော်မီရှင်မှ တောင်းခံခြင်း၊ ယင်းသို့ တောင်းခံရရှိသော ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မီရှင်အဖွဲ့ခွဲများသို့ လိုလောက်စွာခွဲဝေပေးခြင်း။

**မြို့နယ်ကော်မီရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။**

၈။ ။မြို့နယ် ကော်မီရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတွင် ကျင်းပသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

၂။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်သည့် သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊

၃။ မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သော ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲမှ တောင်းခံခြင်း ယင်းသို့ တောင်းခံရရှိသော ဆန္ဒမဲပြားများနှင့် ဆန္ဒမဲလက်မှတ်များကို ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

၄။ မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့် နေ့ရက်များကို ကြေညာခြင်း

၅။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများမှ ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီးလျှင် မဲစာရင်း၊ လာရောက်မဲပေးသူများစာရင်း၊ ထောက်ခံသည့်မဲ၊ ကန့်ကွက်သည့်မဲနှင့် ပယ်မဲများကို ခွဲခြားကာ စာရင်းပြုစု၍ ကော်မီရှင်သို့အစီရင်ခံခြင်းနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲသို့မိတ္တူပေးပို့ခြင်း၊

၆။ မြို့နယ် ကော်မီရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အခြေအနေအရပ်ရပ်ကို ကော်မီရှင်သို့ အစီရင်ခံခြင်း၊ မိတ္တူကို ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲသို့ပေးပို့ခြင်း

၇။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စများကိုဆောင်ရွက်ခြင်း။

၉။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ။

၁။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကိုပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ အတည်ပြုရန် တင်ပြခြင်း၊ အတည်ပြုပြီးသောစာရင်းကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

၂။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲ ဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်း၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

၃။ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲမှ ရရှိသောဆန္ဒမဲပြားများကို မဲရုံအဖွဲ့များသို့ လုံလောက်စွာခွဲဝေပေးခြင်း၊

၄။ ကော်မီရှင်၏ ညွှန်ကြားချက်နှင့်အညီ မဲပုံးများကို ပြုလုပ်ခြင်း၊

၅။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတွင် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို တာဝန်ယူဆောင်ရွက်ခြင်း၊

၆။ မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

၇။ မဲစာရင်း လာရောက်မဲပေးသူများစာရင်း ထောက်ခံသည့်မဲ၊ ကန့်ကွက်သည့်မဲနှင့် ပယ်မဲများကို ခွဲခြားကာ စာရင်းပြုစုပြီးလျှင် မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

၈။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကို မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

၉။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

## အခန်း ၅

## မဲစာရင်းများ ပြုစုခြင်း

ဆန္ဒမဲပေးခွင့်ရှိသူများ

၁၀။ ။(၁) ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အနည်းဆုံး အသက် (၁၈) နှစ်ပြည့်သည့် နိုင်ငံသားတိုင်းသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။ ယင်းဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(၂) အောက်ပါ ပုဂ္ဂိုလ်များသည် ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ပါက မိမိတို့၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိသည်-

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သံအမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူနေထိုင်သောမိသားစုများ၊

၂။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြင်ပ၌ အလုပ်ဝတ်တရား ဆောင်ရွက်ရန် အစိုးရက ခန့်အပ်ထားခြင်း ခံရသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုများ၊

၃။ နိုင်ငံခြားသို့ ရောက်ရှိနေသော အစိုးရ ပညာတော်သင်များနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုများ၊

၄။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

၅။ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းအသီးသီးရှိ အဆောင်များတွင် နေထိုင်ကြသော ကျောင်းသူ၊ ကျောင်းသားများ။

**ရှင်းလင်းချက်။** ။ကျောင်းဆိုသည်မှာ ကျောင်းသူ ကျောင်းသားများ နေရန် အဆောင်ရှိသည့်၊ အစိုးရကဖွင့်လှစ်ထားသော၊ သို့မဟုတ် အသိအမှတ်ပြုထားသော ကျောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း၊ ဂျပ်မငေတော်မှဖွင့်လှစ်ထားသော ကျောင်းများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှဦးဆောင်ဖွင့်လှစ်ထားသော ဗဟို ိုင်ငံရေးတက္ကသိုလ်နှင့် ရေးရာသင်တန်းကျောင်းများ၊ လူမှုရေးကျောင်းပ ၂းနှင့် ဂေဟာများစသည်တို့ပါဝင်သည်။

၆။ ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျနေသော ဝန်ထမ်းများ၊

၇။ အစိုးရအဖွဲ့အစည်းတခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေခံကိုက်စခန်းမှ ခွဲခွါ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

ဥပမာ——ဘူမိဗေဒရှာဖွေရေး ဝန်ထမ်းများ၊ ရေနံရှာဖွေရေး ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ စသည်တို့ဖြစ်သည်။

၈။ အချုပ်သားနှင့် အပြစ်ကျသူများ။

(၃) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ——

၁။ သာသနာ့ဝန်ထမ်းများ၊

၂။ တရားရုံးကစိတ်ပေါ့သွပ်သည်ဟု ဆုံးဖြတ်ခြင်းခံရသူများ။

၁၁။ မဲစာရင်းပြုစုခြင်း။ ။(၁) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများအတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏စာရင်းကို ရပ်ကွက် ကော်မီရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများက မိမိတို့ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအလိုက် တာဝန်ခံပြုစုရမည်။

(၂) မဲစာရင်း ပြုစုရာ၌ ရပ်ကွက်ကော်မီရှင် အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများသည် မိမိတို့၏ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သော၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (၁) အရ မဲစာရင်းတွင်ပါဝင်ခွင့်ရှိသူတိုင်း၏ အမည်ကို ထည့်သွင်းရမည်။

(၃) ပုဒ်မ ၁၀ ပုဒ်မခွဲ (၂) တွင်ဖော်ပြထားသောပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မဲစာရင်းပြုလုပ်သည့်အခါ၌၊ ထိုပုဂ္ဂိုလ်၏အမည်ကို ယင်းနေထိုင်သော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ။ အကယ်၍ မဲစာရင်းတွင်ပါရှိနေလျှင် ထိုသူကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(၄) ပုဒ်မ ၁၀ ပုဒ်မခွဲ (၂) တွင်အကျုံးဝင်သူများအတွက် မဲစာရင်း ပြုစုရာတွင်——

၁။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုများအတွက် သက်ဆိုင်ရာ သံရုံးအကြီးအကဲနှင့်အဖွဲ့၊ သို့မဟုတ် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံး အကြီးအကဲနှင့် အဖွဲ့ကလည်းကောင်း၊

၂။ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းအသီးသီးရှိ အဆောင်များတွင် နေထိုင်ကြသော ကျောင်းသူကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့် အဖွဲ့ကလည်းကောင်း၊ ကောလိပ်ဖြစ်လျှင် ကောလိပ်ကျောင်းအုပ်ကြီးနှင့် အဖွဲ့ကလည်းကောင်း၊ ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့ကလည်းကောင်း၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏ အကြီးအကဲနှင့် အဖွဲ့ကလည်းကောင်း၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့် အဖွဲ့ကလည်းကောင်း၊

၃။ ဆေးရုံတွင် ကုသနေသူများနှင့် တာဝန်ကျနေသော ဝန်ထမ်းများအတွက် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ကလည်းကောင်း၊

၄။ အစိုးရ အဖွဲ့အစည်းတခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွါ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ယင်းလုပ်ငန်းခွင်အကြီးအကဲနှင့် အဖွဲ့ကလည်းကောင်း၊

၅။ အကျဉ်းစခန်းရှိ အချုပ်သားနှင့် အပြစ်ကျများအတွက် ထောင်ပိုင်နှင့်အဖွဲ့၊ ရဲဘက်များအတွက် ရဲဘက်စခန်း တာဝန်ခံနှင့်အဖွဲ့၊ ရဲစခန်းအချုပ်တွင် အချုပ်ခံနေရသူများအတွက် ရဲစခန်းမှူးနှင့် အဖွဲ့ကလည်းကောင်း

မဲစာရင်းများကို ပြုစုရမည်။ ယင်းအဖွဲ့များကို သင့်လျော်သောအဖွဲ့ဝင် အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(၅) ပုဒ်မ ၁၀ ပုဒ်မခွဲ (၁) အရ မဲစာရင်းတွင်ပါဝင်ခွင့်ရှိသည့် တပ်မတော်ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုများအတွက် မဲစာရင်းပြုစုရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

၁။ ရပ်ကွက် ကော်မီရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည်—

(က) မိမိတို့နှင့် သက်ဆိုင်သော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တိုင်း၊ တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုများ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူးများ၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပသည့် အချိန်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုများ၏ အမည်များကို သက်ဆိုင် တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းရမည်။

၂။ သက်ဆိုင်ရာ တပ်တွင်း၌ မနေပဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူ နေထိုင်ကြသည့် မိသားစုများ၏အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲက ထည့်သွင်းရမည်။

**မဲစာရင်း စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက် ခြင်းနှင့်အတည်ပြု ခြင်း။**

၁၂။ ။(၁) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်း ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကိုရယူရမည်။

(၂) ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) အရ ဖွဲ့စည်းထားသည့် အဖွဲ့များသည် မဲစာရင်း စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများကဲ့သို့ ပြုလုပ်ရမည်။ မဲစာရင်းနှင့်ပတ်သက်၍ အငြင်းပွားလျှင် ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) အပိုဒ် ၁ အရ ဖွဲ့စည်းထားသောအဖွဲ့မှအပ အခြားအဖွဲ့များသည် ယင်းတို့နှင့်သက်ဆိုင်သော မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကိုရယူရမည်။ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း ၆

## ဆန္ဒမဲပေးခြင်း

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

၁၃။ ။(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသော မဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၂) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာဆန္ဒမဲပေးရမည်။

**မဲရုံများသတ်မှတ်ခြင်း**

၁၄။ ။ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်နိုင်သမျှ အလုပ်မပျက်ပဲ အလွယ်တကူ သွားရောက် ဆန္ဒမဲပေးနိုင်မည့်နေရာများတွင် မဲရုံများကို သတ်မှတ်ထားရှိရမည်။

**မဲပုံးသတ်မှတ်ခြင်း**

၁၅။ ။ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပမည့် မဲရုံတိုင်းတွင် ထောက်ခံသည့်မဲပုံးနှင့် ကန့်ကွက်သည့်မဲပုံးတို့ကိုသိသာထင်ရှားစေရန် အရောင်ဖြင့်လည်းကောင်း၊ အမှတ်အသားဖြင့်လည်းကောင်း ခွဲခြားလျက် စီစဉ်ထားရှိရမည်။

**တကြိမ်ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း**

၁၆။ ။ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲတကြိမ်သာ ပေးပိုင်ခွင့်ရှိသည်။

**ဆန္ဒမဲပြားဖြင့်ဆန္ဒမဲပေးခြင်း**

၁၇။ ။ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲမှူးရုံကတာဝန်လွှဲအပ်ထားသူများထံမှသော်လည်းကောင်း၊ ဆန္ဒမဲပြားကို ရယူနိုင်သည်။ ယင်းသို့ ရယူထားသော ဆန္ဒမဲပြားကို မဲရုံအတွင်းရှိ ထောက်ခံသည့်မဲပုံးနှင့် ကန့်ကွက်သည့်မဲပုံးနှစ်ပုံးအနက် နှစ်သက်ရာ မဲပုံးတခုထဲသို့ ထည့်ရမည်။

**ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးခြင်း**

၁၈။ ။နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲဒေသတွင် မရှိပဲ ခရီးဝေးသွားလာနေရသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည်။

**ပုဒ်မ ၁၀ (၂)နှင့်ပုဒ်မ ၁၁ (၅)အပိုဒ် ၁(ခ)တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ ဆန္ဒမဲပေးခြင်း**

၁၉။ ။ပုဒ်မ ၁၀ ပုဒ်မခွဲ (၂) တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များနှင့် ပုဒ်မ ၁၁ ပုဒ်မခွဲ(၅) အပိုဒ် ၁ (ခ) တွင် ဖော်ပြထားသော တပ်မတော် ကြည်း၊ ရေ၊ လေ၊ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုများအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများမှာ ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း ၇

## ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

**ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်း**

၂၀။ ။(၁) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ် တခုခုကြောင့်ဖြစ်စေ လွတ်လပ်၍ တရားမျှတသော ဆန္ဒမဲပေးပွဲကို တည်ငြိမ်စွာ ကျင်းပနိုင်ခြင်းမရှိလျှင်၊သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတခုလုံးနှင့် သက်ဆိုင်သောမဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတရုံကိုဖြစ်စေ ပုဒ်မ ၆ အပိုဒ် ၄ အရ သတ်မှတ်ထားသောကာလအတွင်း သင့်လျော်သည့်နေ့ရက်သို့ ဆန္ဒမဲပေးရန်အတွက် ကကြိမ် ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ရွှေ့ပြောင်းနိုင်သည်။ ယင်းကဲ့သို့ ရွှေ့ပြောင်းကြောင်းကို ပြည်နယ်၊ သို့မဟုတ်တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ချက်ခြင်းအကြောင်းကြားရမည်။

(၂) ပုဒ်မခွဲ (၁) ပါအကြောင်းတခုခုကြောင့် မဲရုံတခုတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။ ဆန္ဒမဲပေးခိုက်တွင် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅) ဦးရှေ့တွင် မဲပုံးများကို ချိပ်တံဆိပ်နှိပ်၍ပိတ်ထားပြီး၊ ယင်းအဖြစ်အပျက်ကို သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ခြင်းအကြောင်းကြားရမည်။ ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(၃) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် ရွေးဆိုင်းလိုက်ကြောင်းကြေညာခဲ့သည့် မရုံတွင် ဆန္ဒမဲပေးရန် ကျန်နေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ဆန္ဒမဲပေးရန် နေ့ရက်နှင့် နေရာကို ပုဒ်မ ၆ အပိုဒ် ၄ အရ သတ်မှတ်ထားသော ကာလအတွင်း ရက်ဘရက်ကို သတ်မှတ်၍ ကြေညာပေးရမည်။

(၄) ရွှေ့ဆိုင်းလိုက်သည့်နေ့တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၁။ ။(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို အကြောင်း တစုံတခုကြောင့် ဖျက်သိမ်းရန် အခြေအနေ ဖြစ်ပေါ်လာပါက၊ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲသည်၊ မိမိ၏ဆန္ဒခံယူပွဲဒေသဘတွင်းရှိ မဲရုံတရုံကိုဖြစ်စေ၊ မဲရုံအားလုံး၏ထက်ဝက်အထိကိုဖြစ်စေဖျက်သိမ်းနိုင်သည်။အကယ်၍ မဲရုံအားလုံး၏ ထက်ဝက်ကျော်ကိုဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက၊ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်တကွ သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

**ဆန္ဒမဲပေးခြင်းကို ဖျက်သိမ်းခြင်း**

(၂) ပုဒ်မခွဲ (၁) အရ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲက ထောက်ခံတင်ပြလာသည်ကို မြို့နယ်ကော်မီရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသည် ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ကြောင်းကို ကော်မီရှင်သို့ အစီရင်ခံ၍ သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲသို့ မိတ္တူပေးပို့ရမည်။

(၃) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို အကြောင်းတခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေပေါ်လာပါက မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသဘခုကိုဖြစ်စေ၊ သတ်မှတ်ထားသော ဆန္ဒခံယူပွဲ ဒေသအားလုံး၏ ထက်ဝက်အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကိုဖျက်သိမ်းရန်အခြေအနေ ဖြစ်ပေါ်လာပါက မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်တကွ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

(၄) ပုဒ်မခွဲ (၃) အရ၊ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲက ထောက်ခံတင်ပြလာသည်ကို ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲသည်၊ ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ကြောင်းကို ကော်မီရှင်သို့ အစီရင်ခံရမည်။

## အခန်း ၈

## ဆန္ဒမဲရေတွက်ခြင်း

၂၂။ ။(၁) မဲရုံတွင်မဲရုံပိတ်ပြီးသည်နှင့် တပြိုင်နက် မဲရုံအဖွဲ့သည် (၁၀) ဦးထက်မနည်းသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့၏ ရှေ့တွင် မဲပုံးများကို စစ်ဆေးရမည်။ ယင်းသို့စစ်ဆေးပြီးနောက် မဲပုံးများကိုဖွင့်၍ ဆန္ဒမဲများရေတွက်ရာတွင် ထောက်ခံသည့်မဲ၊ ကန့်ကွက်သည့်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

**ဆန္ဒမဲရေတွက်ခြင်း**

(၂) ပုဒ်မ ၂၀ ပုဒ်မခွဲ (၃) အရ သတ်မှတ်သောနေ့ရက်တွင် ကျန်ရှိနေသေးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံမှ ဆန္ဒမဲခံယူသည့် မဲရုံပိတ်ပြီးမှသာလျှင်၊ ယင်းမဲရုံမှ ဆန္ဒမဲများကို ပုဒ်မ ၂၀ ပုဒ်မခွဲ (၂) အရ ချိပ်ပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများနှင့်ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀ ပုဒ်မခွဲ (၃) အရ ရွေးဆိုင်းလိုက်သည့်နေ့တွင် ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀ ပုဒ်မခွဲ (၂) အရ ချိပ်တံဆိပ်နှိပ်၍ ပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများကိုသာရေတွက်ရမည်။

(၄) ဆန္ဒမဲများကို ရေတွက်ပြီးသောအခါ မဲရုံအဖွဲ့သည် မဲစာရင်း၊ လာရောက်ဆန္ဒမဲပေးသူများစာရင်း၊ထောက်ခံသည့်မဲ၊ ကန့်ကွက်သည့်မဲ၊ ပယ်မဲ၊ လက်ကျန်ဆန္ဒမဲပြားများနှင့် လက်ခံရရှိသည့် ဆန္ဒမဲပြားများစသည်တို့၏ စာရင်းများကို သီးခြားပြုလုပ်ပြီး ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(၅) ပုဒ်မခွဲ (၄) အရ ပေးပို့ရရှိသောစာရင်းများကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် မဲရုံအလိုက်စုစည်း၍ စာရင်းပြုလုပ်ပြီးလျှင် အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(၆) မြို့နယ်ကော်မီရှင်အဖွဲ့ခွဲသည်—

၁။ ပုဒ်မခွဲ (၅) အရ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများမှ ပေးပို့ရရှိသော စာရင်းများကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စုစည်း၍ ပြုလုပ်သောစာရင်းနှင့်

၂။ ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) အပိုဒ် ၂၊ ၃၊ ၄၊ ၅ တို့အရ ဖွဲ့စည်းသော အဖွဲ့များမှ ပေးပို့ရရှိသော မဲပုံးများမှ ဆန္ဒမဲပြားများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများမှ ပေးပို့ရရှိသောဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး ပြုလုပ်ထားသော စာရင်းတို့ကို အစီရင်ခံစာနှင့်အတူ ကော်မီရှင်သို့ပေးပို့ရမည်။ ယင်း၏ မိတ္တူကို ပြည်နယ် သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(၇) ကော်မီရှင်သည် ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) အပိုဒ် ၁ အရ ဖွဲ့စည်းထားသော အဖွဲ့များမှ ပေးပို့ရရှိသော ဆန္ဒမဲလက်မှတ်များကို ထောက်ခံသည့်မဲ ကန့်ကွက်သည့်မဲနှင့် ပယ်မဲများခွဲခြား၍ ရေတွက်ရမည်။

## အခန်း ၉

## ဆန္ဒမဲများကြေညာခြင်း

၂၃။ ဆန္ဒမဲများ ကြေညာခြင်း — ကော်မီရှင်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြီးဆုံးသည့်အခါ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲများမှ ပေးပို့ရရှိသော ဆန္ဒမဲစာရင်းများ နှင့် ကော်မီရှင်မှ ပုဒ်မ ၂၂ ပုဒ်မခွဲ (၇) အရ ရေတွက်ရရှိထားသော ဆန္ဒမဲလက်မှတ်များကို တပေါင်းတည်း စာရင်းချုပ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ထောက်ခံသည့်ဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

## အခန်း ၁၀

## တားမြစ်ချက်နှင့် ပြစ်ဒဏ်

**တားမြစ်ချက်**

၂၄။ ။ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍ မည်သူမျှ အောက်ပါတခုခုကိုမပြု လုပ်ရ။

၁။ ဆန္ဒမဲဘကြိမ်ထက်ပို၍ပေးခြင်း။

၂။ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း။

၃။ မဲပုံးကိုဖျက်ဆီးခြင်း အခွင့်အာဏာမရှိပဲ ဖွင့်ခြင်း၊ သို့မဟုတ် အခြား တနည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၄။ မဲရုံကိုဖျက်ဆီးခြင်း။

၅။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ပျက်ပြားစေရန်အတွက် မဲရုံအတွင်း၌ ဖြစ်စေ အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာ၌ဖြစ်စေ ပုဂ္ဂလိက ပိုင်နေရာ၌ဖြစ်စေ ဆန္ဒမဲပေးခြင်းကို နှောင့်ယှက်ခြင်း စည်းဝေးဟော ပြောခြင်းကြေညာစာ ဘမ်းကမ်းလှမ်းခြင်း အသံချဲ့စက်ဖြင့် ဟောပြော ခြင်း ပိုစတာများအသုံးပြုခြင်း။

**ပြစ်ဒဏ်**

၂၅။ ။ပုဒ်မ ၂၄ တွင် ဖော်ပြထားသော တားမြစ်ချက်တခုခုကိုကျူးလွန်သူသည်၊ သို့မဟုတ် ကျူးလွန်ရန်အားပေးသူသည် တနှစ်ထက်မများသော ထောင်ဒဏ်ဖြစ်စေ ကျပ်တထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

## အခန်း ၁၁

## ဘဏ္ဍာရေးနှင့် ဝန်ဆမ်းအကူအညီရယူခြင်း

**ဘဏ္ဍာရေး**

၂၆။ ။(၁) ကော်မီရှင်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန်အတွက် ခန့်မှန်းခြေ ကုန်ကျစရိတ်ကို တွက်ချက်၍ တော်လှန်ရေး ကောင်စီသို့ တင်ပြ ဘောင်းခံသုံးစွဲရမည်။

(၂) ပုဒ်မခွဲ (၁) အရ ဘောင်းခံရရှိသော ငွေကို ကော်မီရှင်သည် ကော်မီရှင် အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ ကော်မီရှင်ထံမှ ခွဲဝေရရှိသော ငွေများကို ကော်မီရှင် အဖွဲ့ခွဲများသည် ကော်မီရှင်က ညွှန်ကြားသည့်အတိုင်း သုံးစွဲ၍ စာရင်းများကို စနစ်တကျ ထားရှိရမည်။

(၄) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြီးဆုံးသောအခါ ကော်မီရှင် အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်းများကို ကော်မီရှင်သို့ ပေးပို့ရမည်။

(၅) ပုဒ်မခွဲ (၄) အရ ပေးပို့ရရှိသော ငွေစာရင်းရှင်းတမ်းများကို ကော်မီရှင်က တော်လှန်ရေးကောင်စီသို့ တင်ပြရမည်။

**ဝန်ထမ်းများနှင့် ပစ္စည်းများ အကူအညီရယူခြင်း**

၂၇။ ။ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြီးဆုံးသည်အထိ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲများအတွက် လိုအပ်သော ဝန်ထမ်းများနှင့် ပစ္စည်းအကူအညီ ရယူခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်သည် တော်လှန်ရေးကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း ၁၂

## အထွေထွေ

**ဆန္ဒမဲပေးပိုင်ခွင့်ရှိ မရှိ ဆုံးဖြတ်ခွင့်**

၂၈။ ။နိုင်ငံသား ဖြစ်မှု မဖြစ်မှုကိစ္စကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိ မရှိအငြင်းပွားခဲ့လျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒမဲပေးခွင့် ရှိ မရှိကိုအပြီးအပြတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် ယင်းကဲ့သို့ ဆန္ဒမဲပေးခွင့်ရှိ မရှိ ဆုံးဖြတ်ခြင်းသည် ထိုသူ နိုင်ငံသားဖြစ်မှု မဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**မဲပုံးအခြေအနေပျက်ခြင်း**

၂၉။ ။မဲရုံအတွင်းရှိ မဲပုံးသည် မူလအခြေအနေမျိုးတွင် မရှိပဲ တရားမျှတ၍ လျှို့ဝှက်ဆန္ဒမဲပေးမှုကို ထိခိုက်သည့် အခြေအနေကိုတွေ့ရှိလျှင် တွေ့ရှိချင်း မဲရုံအဖွဲ့သည် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြ၍ ယင်း၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ရမည်။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ အစည်းအဝေး**

၃၀။ ။(၁) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် လိုအပ်သလို အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်သည်။

(၂) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(၃) မဲခွဲဆုံးဖြတ်ရန် အကြောင်းကိစ္စပေါ်ပေါက်လာပါက အဖွဲ့ဝင်အများစု၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးရမည်။

**ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏သက်တမ်း**

၃၁။ ။ပုဒ်မ ၂၃ အရ ကော်မရှင်သည် ဆန္ဒမဲများ ကြေညာပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းသည့်နေ့တွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ သက်တမ်းသည် ကုန်ဆုံးရမည်။

**ကော်မရှင် အဖွဲ့ဝင်နှင့် ကော်မရှင် အဖွဲ့ခွဲဝင်များ အစားခန့်ထားခြင်း**

၃၂။ ။(၁) ကော်မရှင်တွင် တစုံတရာသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ယင်းနေရာအတွက် အဖွဲ့ဝင် အစားထိုးခန့်ထားနိုင်သည်။

(၂) ကော်မီရှင် အဖွဲ့ခွဲတွင် တစုံတရာသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင်—

၁။ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ကော်မီရှင်ကလည်းကောင်း၊

၂။ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲကလည်းကောင်း၊

၃။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာ ဖြစ်ပါက မြို့နယ်ကော်မီရှင်အဖွဲ့ခွဲကလည်းကောင်း

ယင်းနေရာအတွက် အဖွဲ့ဝင်အစားထိုးခန့်ထားနိုင်သည်။

(၃) ကော်မီရှင်၊ သို့မဟုတ်ကော်မီရှင် အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာ လစ်လပ်ခြင်း ကြောင့် ယင်းကော်မီရှင်၊ သို့မဟုတ် ကော်မီရှင်အဖွဲ့ခွဲ၏ လုပ်ငန်းများ သည် ပျက်ပြယ်ခြင်းမရှိစေရ။

၃၃။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

**နည်းဥပဒေများပြဋ္ဌာန်းခွင့်**

၃၄။ ။ဤဥပဒေပါ၊ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်း ချက်များအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ ကော်မီရှင်သည် ဤဥပဒေပါ၊ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေပဲ သင့်လျော်သောအမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**အထူးပြဋ္ဌာန်းချက်**

ဦးနေဝင်း

ဥက္ကဋ္ဌ၊
**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်။**
**(၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်။)**